# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၁၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၀

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B) ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာပေအနုပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ သာမဏေများတက်ရောက်ကြသည်။

> “ခေတ်သစ်ကိုလိုနီဝါဒ၏ လုပ်နည်းလုပ်ဟန်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အသိတရား၊ သတိတရား လက်ကိုင်ထားပေးကြရန်အတွက် မျိုးဆက်သစ်လူငယ်များကို အသိပညာပေးကြရန် လိုအပ်မည် ”

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် *စာမျက်နှာ ၃ ကော်လံ ၁* ❖

## လွိုင်မွေဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာအစားအစာပြပွဲကျင်းပမည်

ကျိုင်းတုံ ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရွှေတြိဂံဇုန်)တို့ ပူးပေါင်း၍ ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာအစားအစာပြပွဲ (၂၀၂၃)ကို ဒီဇင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၃* ❋


ယနေ့ *ဖတ် စ ရာ*

မြန်မာနိုင်ငံတွင် တွေ့ရခဲ့သော မန်ဒရင်းဘဲ အမျိုးအစားသည် လော့ဘ်ကားဥယျာဉ်တွင် ဆောင်းခိုရန်ရောက်လာသည့်အတွက် ငှက်ကြည့်သူများ လာရောက်ကြည့်ရှုမှုရှိနေ

ပြည်တွင်းသတင်း စာ ၁၃





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❂ ယခုကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ်မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့်အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့်အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပကြခြင်းဖြစ်

❖ *ရွှေဖုံးမှ*

လူငယ်နှင့်စာပေအနုပညာပွဲတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လူငယ်နှင့်စာပေအနုပညာ တေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးသည်။

**အထိမ်းအမှတ်အခမ်းအနားကြီးဖြစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မိမိတို့နိုင်ငံ၏ အထွတ်အမြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ လွတ်လပ်ရေးရရှိအောင် ကြံစည်ကြိုးပမ်းအားထုတ်ခဲ့ကြသည့် မိမိတို့၏ ဘိုးဘွားမိဘများကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့် အထိမ်းအမှတ်အခမ်းအနားကြီးဖြစ်သဖြင့် အင်မတန်ကျက်သရေမင်္ဂလာရှိသည့် အခမ်းအနားကြီးတစ်ခု ဖြစ်သည်ကို ဂုဏ်ယူပြောကြားလိုပါကြောင်း။

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံ၏သမိုင်းဖြစ်ရပ်မှန်များကို ဆန်းစစ်လိုက်ပါက နယ်ချဲ့တို့၏ ဆိုးညစ်ယုတ်မာသည့်အကြံအစည်များ၊ ခြေလှမ်းများကို သတိထားသိမြင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့အင်အား မတောင့်တင်းပါက၊ တစ်နည်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မခိုင်မာပါက အချုပ်အခြာအာဏာဆိုသည်မှာ အချိန်တိုတိုအတွင်း၌ပင် လက်လွတ်ဆုံးရှုံးရနိုင်သည်ဆိုသော ကြီးမားသည့်သင်ခန်းစာများကို မိမိတို့အားလုံး ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

**စည်းလုံးညီညွတ်စွာနေထိုင်လာခဲ့**

မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်ကြည့်မည်ဆိုပါက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအားလုံးသည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ အေးတူပူအမျှ အတူတကွ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါကြောင်း၊ ၁၉ ရာစု အတွင်း၌ နယ်ချဲ့ကိုလိုနီ နိုင်ငံကြီးများ၏လောဘဇောတိုက်ပြီး အပြိုင်အဆိုင်ကျူးကျော်ရန်ပြုခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံငယ်များသည် နယ်ချဲ့တို့၏ကျွန်ပြုခံခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

မိမိတို့၏ဘိုးဘွားမိဘများသည် ကိုလိုနီနယ်ချဲ့တို့၏ဆိုးညစ်ယုတ်မာမှုများ၊ သွေးခွဲသပ်လျှိုအုပ်ချုပ်မှုများကြားက တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်ပြီး ပြန်လည်လွတ်မြောက်အောင် အသက်သွေးချွေးများပေးဆပ်ရယူပေးခဲ့သည်မှာ (၇၆)နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

**လူငယ်များကို အသိပညာပေး**

ယခုအချိန်တွင် ကိုလိုနီဘဝနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်မှု၏အကျိုးဆက်သည် တိုင်းရင်းသားများကြားတွင် ယနေ့အချိန်ထိ ကျန်ရှိနေဆဲဖြစ်သည်ကို မိမိတို့အားလုံး သတိပြုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပြိုကွဲပျက်စီးမှု မဖြစ်စေရေး ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ပေးကြရန်နှင့် ခေတ်သစ်ကိုလိုနီဝါဒ၏ လုပ်နည်းလုပ်ဟန်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အသိတရား၊ သတိတရား လက်ကိုင်ထားပေးကြရန်အတွက် မျိုးဆက်သစ်လူငယ်များကို အသိပညာပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၄ သို့*





## ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားမောင်မယ်များက အားကစားနည်းအလိုက် စွမ်းရည်ပြသမှုနှင့် အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည်တို့လှမ်းချီ" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် သီဆိုကပြဖျော်ဖြေကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

*စာမျက်နှာ ၃ မှ*

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင်ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်ပင် ဖြစ်ပါကြောင်း။

**နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်နေ**

စစ်အေးခေတ်နှောင်းပိုင်းကာလများတွင် အင်အားကြီးသည့်နိုင်ငံကြီးများသည် အင်အားနည်းသည့်နိုင်ငံငယ်များအပေါ် ထိန်းချုပ်ခြယ်လှယ်နိုင်စေရန်၊ သို့မဟုတ် ဩဇာလွှမ်းမိုးနိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကဏ္ဍများကို မဟာဗျူဟာကျသည့် နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

**သွေးထိုးမြှောက်ပင့်ပေးနေ**

အထူးသဖြင့် အင်အားကြီးနိုင်ငံတချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ၎င်းတို့၏ဩဇာခံပုဆိန်ရိုးများ၊ ကြိုးဆွဲခံရုပ်သေးရုပ်များနှင့် ထိုးဖောက်ဝင်ရောက်ပြီး လူမျိုးရေး၊ ဘာသာရေးမှိုင်းတိုက်ကာ မီးမွှေးဆောင်ရွက်နေမှုများ၊ မတည်မငြိမ် ကမောက်ကမဖြစ်အောင် လုပ်ကြံဖန်တီးမှုမျိုးစုံနှင့် သွေးထိုးမြှောက်ပင့်ပေးနေကြပါကြောင်း၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး ဆိုသည့်စကားလုံးများကို ရောင်းကုန်ပစ္စည်းကဲ့သို့ သဘောထားပြီး လိုသလိုပုံဖော်ဖိအားပေးအကျပ်ကိုင်မှုများနှင့် နည်းလမ်းပေါင်းစုံ၊ အကြံအစည်ပေါင်းစုံ အသုံးပြုပြီး ၎င်းတို့၏ ဩဇာလောင်းရိပ်အောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

သွတ်သွင်းရန် ကြိုးစားနေကြပါကြောင်း။

**အလေးအနက်သတိပြု**

ယခုကဲ့သို့အခြေအနေတွင် မိမိတို့ကဲ့သို့ နိုင်ငံငယ်များအနေဖြင့် မိမိတို့၏ နိုင်ငံတော်ကို စည်းလုံးညီညွတ်စွာ ထိန်းသိမ်းကာကွယ်နိုင်စွမ်း မရှိပါက ဖရိုဖရဲပြိုကွဲသွားနိုင်သကဲ့သို့ ၎င်းတို့အလိုကျ လိုသလို ပုံသွင်းလွှမ်းမိုးချုပ်ကိုင်မှုများ ကြုံတွေ့ရနိုင်ပါကြောင်း၊ ၎င်းတို့ လက်အောက်ခံ၊ ဩဇာခံဖြစ်သွားနိုင်သည်ကိုလည်း အလေးအနက်သတိပြုကြရန် သတိပေးမှာကြားလိုပါကြောင်း။

**နိုင်ငံ့အကျိုး၊ လူမျိုးအကျိုးကိုသယ်ပိုး**

ထို့ပြင် ယနေ့အချိန်တွင် အချင်းချင်းစည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို လျစ်လျူရှုပြီး သံသယများ၊ ကိုယ်ကျိုးအတ္တများ၊ လွဲမှားသည့်အယူအဆများ လုပ်ဆောင်နေကြမည်ဆိုပါက နိုင်ငံအတွက် လွန်စွာအန္တရာယ်ကြီးမားပါကြောင်း၊ မိမိတို့အားလုံးက မှန်ကန်သည့်အသိ၊ မှန်ကန်သည့်သတိတရားများနှင့် နိုင်ငံ့အကျိုး၊ လူမျိုးအကျိုးကိုသယ်ပိုးပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။


ယခုကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့်အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့်အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပကြခြင်း ဖြစ်ပါကြောင်း။

**လူငယ်များကို ပိုမိုပြုစုပျိုးထောင်လာ**

ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်မည်ဆိုပါက နိုင်ငံတိုင်းနီးပါးသည် မိမိတို့၏ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် Social Capital ဟုခေါ်သည့် လူမှုအရင်းများ၊ Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းများကို အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြပြီး မျိုးဆက်သစ်လူငယ်များကို ပိုမိုပြုစုပျိုးထောင်လာကြသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

**“ယနေ့ကျင်းပသည့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာအနက် လွန်စွာတန်ဖိုးရှိလှသည့် လူငယ်များ လူသားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု ပြောရမည်ဖြစ် ”**



❊ *ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ အစားအစာများလည်း တိုးတက်အောင်မြင်မှု ရရှိစေရန်အတွက် ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာအစားအစာပြပွဲ(၂၀၂၃)ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လွိုင်မွေဒေသသို့ ချယ်ရီပန်းပွင့်ချိန်တွင် ရှမ်းအရှေ့ဒေသရှိ ပြည်သူများ သွားရောက်ကြည့်ရှုခတ်ပုံရိုက်လေ့ရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယင်းဒေသရှိ ချယ်ရီပင်များ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ လွိုင်မွေဒေသရှိ ချယ်ရီပန်းပွဲတော်ကို နှစ်စဉ် ဆောင်းရာသီကာလအတွင်း ချယ်ရီပန်းများပွင့်ချိန် ရက်သတ်မှတ်ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် ချယ်ရီပန်းပွဲတော်နှင့်အတူ တိုင်းရင်းသားရိုးရာအစားအစာပြပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကိုပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပွဲတော်တွင် ရှမ်း၊ အာခါ၊ လားဟူ၊ ‘ဝ’ စသည့် ဒေသခံတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေပြင်အထက် ၅၅၄၂ ပေတွင်တည်ရှိသည့်လွိုင်မွေဒေသတွင် နှစ်စဉ် ဒီဇင်ဘာလမှ ဇန်နဝါရီလများတွင် တစ်လကြာခန့် ချယ်ရီပန်းများ ပွင့်လျက်ရှိကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကိုအရည်အချင်းပြည့်ဝသည့်နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန်အတွက် လူငယ်ရေးရာမူဝါဒများကို ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ချမှတ်ဆောင်ရွက်လျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

**“ ခေတ်စနစ်များကို မည်သို့ပင်ဖြတ်သန်းကြရသည်ဖြစ်စေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်ဖြစ်၊ ထိုသို့ဖြစ်ပေါ်နိုင်ရန်လည်း လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကူညီပေးကြရမည် ”**

ယနေ့ကျင်းပသည့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာအနက် လွန်စွာတန်ဖိုးရှိလှသည့် လူငယ်များ လူသားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု ပြောရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် မကြာခဏပြောကြားနေသည့် အကြောင်းအရာတစ်ခုကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ တိုင်းပြည်တစ်ခု တိုးတက်ဖွံ့ဖြိုးခြင်း၏အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များပေါ်ကြွယ်ဝခြင်းပင်ဖြစ်ပါကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက်နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လိုသည်ကို မကြာခဏတွန်းအားပေးပြောကြားခဲ့ပါကြောင်း။

## ထူးချွန်ထက်မြက်နေရန် လိုအပ်

အားလုံးသိကြသည့်အတိုင်း လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခုပင် ဖြစ်ပါကြောင်း၊ ခေတ်စနစ်များကို မည်သို့ပင်ဖြတ်သန်းကြရသည်ဖြစ်စေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နိုင်ရန်လည်း လူငယ်များ၏ ကြိုးစားအားထုတ်မှုအခွင့်အလမ်းနှင့်စွမ်းရည်မြှင့်တင်ရေးပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင် ဝိုင်းဝန်းကူညီပေးကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်စွမ်းအားစုတစ်ရပ်လုံးကို နိုင်ငံတော်၏ အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာမူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ်ပျောက်ဆုံးနေသည့် လူငယ်လူရွယ်များကိုလည်း မိဘနှင့်သားသမီးကဲ့သို့ မေတ္တာထားကာ လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိစေရေး နည်းလမ်းများရှာဖွေဖော်ဆောင်ပေးလျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

## ကာလနှင့်ကိုက်ညီအောင်ပြင်ဆင်

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကိုအရည်အချင်းပြည့်ဝသည့်နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန်အတွက် လူငယ်ရေးရာမူဝါဒများကို ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့်စာပေအနုပညာပြပွဲများ၊ ကျောင်းသားအားကစားပြိုင်ပွဲများ၊ နွေရာသီအားကစားသင်တန်းများ၊ အာဆီယံနှင့် ဒေသတွင်းလူငယ်ဆိုင်ရာ နိုင်ငံတကာအစည်းအဝေးပွဲများနှင့် ပြပွဲပြိုင်ပွဲများတွင် တက်ရောက်ဆွေးနွေးပြသယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်ပေးနေသည့်အတွက် လူငယ်များ၏ အသိပညာနှင့် အတွေးအမြင်များ ပိုမိုဆန်းသစ်တိုးတက်လာစေခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်လာနိုင်စေရန် အခွင့်အရေးပေးပြီး လက်တွဲဆောင်ရွက်ပေးကြရန်၊ လူငယ်များကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ချစ်မြတ်နိုးစေပြီး နိုင်ငံ့တာဝန်ကျေပွန်စေမည့် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်၊ လူငယ်များအနေဖြင့်လည်း အစဉ်လေ့လာသင်ယူမှုများနှင့် အတတ်ပညာ၊ အသိပညာပြည့်စုံပြီး နိုင်ငံ၏အနာဂတ်အတွက် အားကိုးအားထားပြုနိုင်မည့်သူများဖြစ်အောင် ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

## သီဆိုကပြဖျော်ဖြေ

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အားကစားမောင်မယ်များက အားကစားနည်းအလိုက် စွမ်းရည်ပြသခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က “ရှေ့သို့လှမ်းချီ မြန်မာပြည်” တေးသီချင်း၊ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသားကျောင်းသူများက “ဘက်စုံပညာရည်တို့လှမ်းချီ” တေးသီချင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ “နတ်မြင်းပျံ” ယိမ်းအက၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများက “ပြည်ထောင်စုကြီးထာဝရတည်တံ့စေသား” တေးသီချင်း၊ အဆိုတော်ယုန်လေးက “အနာဂတ် သူရဲကောင်း” တေးသီချင်း၊ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက “ရတနာများစွာ” တေးအော်ပရာ၊ အနုပညာရှင်များက “တာဝန်ကိုယ်စီထိန်းကြမည်” တေးသီချင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးနှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “သျှောင်ပေစူး” တေးသရုပ်ဖော်အက၊ သာသနာရေးနှင့်ဝန်ကြီးဌာန အနုပညာဦးစီးဌာနက “ရှေ့သို့ချီမည်ပန်းတိုင်ဆီ” တေးသီချင်းနှင့်ဖျော်ဖြေရေးအဖွဲ့များက “ပြည့်ရတနာ” တေးသီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ပြခန်းများ ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို **“ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့”** ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်တွင် ဝန်ကြီးဌာနများမှ ပြခန်းများ ခင်းကျင်းပြသထားကာ ဖျော်ဖြေရေးအစီအစဉ်များ၊ အနုပညာရှင်များနှင့် ဆွေးနွေးပွဲများ၊ တိုင်းရင်းသားရိုးရာအစားအစာဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များခင်းကျင်းပြသထားပြီးမည်သူမဆိုအခမဲ့လာရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဒီပြခန်းတွေကို ကြည့်ရှုလေ့လာရခြင်းအားဖြင့် ကိုယ့်တိုင်းပြည်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းကောင်းတွေရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ပေါက်လာပါလိမ့်မယ်

ဦးအောင်ဆန်းဦး(ပါမောက္ခချုပ်)

နေပြည်တော် ဒီဇင်ဘာ ၂၀

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ကျင်းပသည့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ယနေ့ စည်ကားသိုက်မြိုက်စွာဖြင့် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာဗဟုသုတတိုးပွားလာစေရေး၊ ဗလငါးတန်ဖြင့် ဘက်စုံဖွံ့ဖြိုးသည့် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပသည့် အဆိုပါပွဲတော်ကြီးတွင် ဝန်ကြီးဌာန၊ တက္ကသိုလ်၊ အခြေခံပညာကျောင်းများအလိုက် ပြခန်းများကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူလူငယ်များ စိတ်ပါဝင်စားစွာ လာရောက်လေ့လာနေကြသည်ကိုတွေ့ရသည်။ ထိုသို့ ပြခန်းများပြသဆောင်ရွက်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာပြခန်းများမှ တာဝန်ရှိသူများနှင့် လာရောက်လေ့လာကြသည့် ကျောင်းသားလူငယ်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။


ဦးအောင်ဆန်းဦး(ပါမောက္ခချုပ်)


ဒေါက်တာဇင်သူအောင်


မောင်သီဟအောင်


မောင်အောင်မြင့်


မောင်လရောင်

**ဦးအောင်ဆန်းဦး(ပါမောက္ခချုပ်)**
**ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နိုင်ငံတော်အဆင့် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ ကျင်းပဆောင်ရွက်ပေးတာဟာ လူငယ်တွေအတွက် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ် လူငယ်တွေကို ရည်ရွယ်ပြီးတော့ ဌာနဆိုင်ရာအသီးသီးကနေပြီးတော့ ပြခန်းတွေပြသပေးတယ်။ ပညာပေးအစီအစဉ်တွေ ဆောင်ရွက်ပေးတယ်။ ဒါတွေက ကျွန်တော်တို့ နိုင်ငံအနာဂတ်မှာ ခေါင်းဆောင်ကြမယ့် လူငယ်တွေအတွက် အင်မတန်ကောင်းမွန်တဲ့ အစီအစဉ်တွေဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့လည်း ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသလို ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းတွေ၊ ဖြစ်ပေါ်တိုးတက်နေတဲ့ အသိပညာ အတတ်ပညာတွေကို ပြသတဲ့ ဒီပြခန်းတွေကို ကြည့်ရှုလေ့လာရခြင်းအားဖြင့် ကိုယ့်တိုင်းပြည်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းကောင်းတွေရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ပေါက်လာပါလိမ့်မယ်။ ဒီလိုပေါ်ထွက်လာမယ့် လူ့စွမ်းအားအရင်းအမြစ်တွေကနေတစ်ဆင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး တည်ဆောက်ဖို့အတွက် အားအင်တစ်ခုဖြစ်လာမယ်လို့ မြင်ပါတယ်။ အခုလို ပွဲတော်တွေမှာ မန္တလေးယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်အနေနဲ့ ပါဝင်ပြသခွင့်ရတာကိုလည်း ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ ပြခန်းမှာတော့ တက္ကသိုလ်မှာ သင်ကြားပေးနေတဲ့ ဂီတပညာ၊ သဘင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာ၊ ရုပ်ရှင်နဲ့ ပြဇာတ်ပညာဘာသာရပ်တွေကို ပြသထားပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ယဉ်ကျေးမှု ပျောက်ရင်၊ လူမျိုးပျောက်တာနဲ့ အတူတူပါ။ ယဉ်ကျေးမှုနိမ့်ပါးရင် လူမျိုးနိမ့်ပါးတာပါ။ ဒါကြောင့်မို့ အနာဂတ်မျိုးဆက်သစ်တွေကို ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနဲ့ အနုသုခုမပညာရပ်တွေကို ဖော်ထုတ်ပြသပေးခြင်းအားဖြင့် မျိုးဆက်သစ်တိုင်းဟာ ကိုယ့်နိုင်ငံရဲ့ ခေတ်အဆက်ဆက်မှာ လက်ဆင့်ကမ်းထိန်းသိမ်းပြီးတော့ စောင့်ရှောက်ပေးနိုင်မယ့်သူတွေ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါက်တာဇင်သူအောင်**
**ကထိက၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)**
**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်း**

လူငယ်နှင့် အနုပညာစာပေပွဲတော်ပြပွဲကြီးမှာ လူငယ်တွေစိတ်ဝင်စားမှုရှိလာအောင် EV တွေကို လာရောက်ပြသတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း EV ကားတွေ စတင်သုံးစွဲလာပြီဖြစ်တဲ့အတွက် ဒီပြပွဲကြီးမှာ လာရောက်လေ့လာကြတဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ပြည်သူတွေအနေနဲ့ ထဲထဲဝင်ဝင်သိရှိလေ့လာနိုင်အောင် ရှင်းပြပေးပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အောက်မှာရှိတဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း နှစ်ခုရှိပါတယ်။ အဲဒီမှာ သင်ကြားနေတဲ့ အထောက်အကူပြုပစ္စည်းတွေကို ဒီပြခန်းမှာ အဓိကပြသပါတယ်။ လူငယ်တွေဆိုတာ တိုင်းပြည်ရဲ့ အနာဂတ်လည်းဖြစ်သလို နောင်တစ်ချိန်မှာ နိုင်ငံ့တာဝန်တွေ ပခုံးပြောင်းထမ်းဆောင်လာကြမယ့်သူတွေလည်းဖြစ်ပါတယ်။ အဲဒီလိုလူငယ်တွေအနေနဲ့ ကမ္ဘာနဲ့အဝန်းမှာ ပြောင်းလဲလာတဲ့ နည်းပညာတွေကို မျက်ခြည်မပြတ် လေ့လာနိုင်ဖို့ရယ်၊ EVကားတွေကစတင်ခေတ်စားလာတာဖြစ်တဲ့အတွက်ရယ်ကြောင့် ဒါတွေကို သိရှိသင့်တယ်လို့ ထင်ပါတယ်။ ဒါမှသာ ဗလငါးတန်နဲ့ပြည့်ဝတဲ့ ကလေးတွေဖြစ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းအနေနဲ့ EV နဲ့ ပတ်သက်တဲ့ အသိပညာတွေကို လက်ဆင့်ကမ်းမျှဝေချင်တာ ဖြစ်တဲ့အတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ၊ အခြေခံပညာကျောင်းတွေက ကျောင်းသား ကျောင်းသူတွေ၊ ပြည်သူတွေအနေနဲ့ EV ပြခန်းကို လာရောက်လေ့လာစေချင်ပါတယ်။ လာရောက်လေ့လာတဲ့ ကလေးတွေကို အသိပညာတိုးတက်လာဖို့ ဉာဏ်စမ်းပဟေဠိတွေ ဖြေရင်းနဲ့ လက်ဆောင်ပစ္စည်းတွေ လာယူဖို့ ဖိတ်ခေါ်ပါတယ်။

**မောင်သီဟအောင်(Grade-12)**
**အထက(၅)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**

ဒီနေ့ကျင်းပတဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ကျင်းပတဲ့ပြခန်းတွေမှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ တက္ကသိုလ်တွေကနေ ကျောင်းသားလူငယ်တွေအတွက် ဗဟုသုတများစွာရရှိဖို့အတွက် အထောက်အပံ့ကောင်းတွေ ရရှိလာတယ်လို့ မြင်ပါတယ်။ လာရောက်လေ့လာတဲ့ ကျောင်းသားလူငယ်တွေအားလုံးအတွက် အကျိုးလည်းရှိမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနဲ့ နည်းပညာပြခန်းတွေ၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွေကနေပြတဲ့ ပြခန်းတွေ၊ ဉာဏ်စမ်းပဟေဠိဖြေဆိုတဲ့ အစီအစဉ်တွေကို သွားပြီးလေ့လာဖြစ်ခဲ့တယ်။ ကျွန်တော်ကတော့ သိပ္ပံနဲ့နည်းပညာပြခန်းကို သဘောကျပါတယ်။ ဒီမှာရှိတဲ့ ပြခန်းတွေအားလုံးမှာ ကျောင်းသားလူငယ်တွေအနေနဲ့ ကိုယ်စိတ်ဝင်စားတဲ့၊ ကိုယ်ဝါသနာပါတဲ့ အရာတွေကို လေ့လာနိုင်သလို သိရှိလိုတဲ့ အရာတွေအားလုံးကိုလည်း သက်ဆိုင်ရာ ပြခန်းတာဝန်ခံတွေက တာဝန်ရှိသူတွေကို မေးလို့ရတယ်။ ဆရာ ဆရာမတွေကို မေးလို့ရတဲ့အတွက် အဲဒီကနေ ကိုယ့်အနာဂတ်ခရီးလမ်းအတွက်၊ အသက်မွေးဝမ်းကျောင်းအတွက် အသိပညာများစွာ ရရှိပါတယ်။

**မောင်အောင်မြင့်**
**အထက(၁)၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီး ဖွင့်ပွဲနေ့မှာ သူငယ်ချင်း ၈၉ ယောက်နဲ့ ဘင်ခရာအဖွဲ့ကနေ ပါဝင်အားဖြည့်ထားပါတယ်။ ဒီနေ့ခင်းကျင်းပြသထားတဲ့ ပြခန်းတွေကိုလည်း လေ့လာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက ပြခန်းတွေကို အထူးစိတ်ဝင်စားပါတယ်။ အဲဒီပြခန်းကိုလေ့လာပြီးတော့လူငယ်တစ်ယောက်အနေနဲ့ စွန့်ဦးတီထွင်တာတွေ လုပ်ချင်တယ်။ ပြခန်းမှာ မိုးလေဝသတိုင်းတာတဲ့ စက်တွေ။ လေယာဉ်အမောင်းသင်တာတွေ။ ကားအမောင်းသင်တာတွေ။ EV ကားတွေ ခင်းကျင်းပြသထားတဲ့အတွက် လူငယ်တစ်ယောက်အနေနဲ့ ပိုပြီးစိတ်ဝင်စားမိပါတယ်။ ဒီလိုပွဲမျိုးမှာ ဗဟုသုတအများကြီး ရရှိတဲ့အတွက် လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**မောင်လရောင်**
**ဂျူဒိုအားကစားသရုပ်ပြအဖွဲ့**

ကျွန်တော်ကတော့ ဒီနေ့ဖွင့်ပွဲနေ့မှာ ဂျူဒိုအားကစားနည်းမှာ သရုပ်ပြသဖို့ ပါဝင်အားဖြည့်ပေးထားပါတယ်။ ကျွန်တော်နဲ့အတူ အခြားဗိုဗီနမ်၊ တိုက်ကွမ်ဒိုစတဲ့ အားကစားသမားတွေလည်း ပါပါတယ်။ အခုလို လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် တော်တော်လေးစိတ်လှုပ်ရှားမိပါတယ်။ အခုလိုမျိုး လူငယ်တွေအတွက် ဗလငါးတန်ဘက်စုံဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ပေးနေရာမှာ အဓိကအားဖြင့် အားကစားကို ပိုစိတ်ပါဝင်စားတဲ့ လူငယ်တွေ ပိုပြီးတော့ ရှိလာစေချင်တယ်။ အားကစားလုပ်တယ်ဆိုတာ ကိုယ်ကာယဖွံ့ဖြိုးစေဖို့ အထောက်အကူဖြစ်စေတဲ့အတွက် ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတဲ့ လူငယ်လူရွယ်တွေ ဖြစ်လာစေဖို့အတွက် အားကစားတစ်ခုခုကို မဖြစ်မနေ လုပ်ကြဖို့လည်း တိုက်တွန်းချင်ပါတယ်။

**ဇင်ဦး၊ ဟိန်းထက်ဇော်**
**ဓာတ်ပုံ - ဇင်ဟိန်း**



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်း (ဝဲပုံ) နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြခန်း (ယာပုံ) များ၌ ကျောင်းသား ကျောင်းသူ လူငယ်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရစဉ်။



# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် စတင်ကျင်းပ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် မိဘပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်း၌ ကျောင်းသား ကျောင်းသူ လူငယ်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

**ပြခန်းများ ခင်းကျင်းပြသ**

အဆိုပါပွဲတော်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်း၌ ကျောင်းသား ကျောင်းသူ လူငယ်များ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရစဉ်။

နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက်ပြခန်းများဖြစ်သည့် ရေကြောင်း၊ လေကြောင်း၊ မြန်မာ့မီးရထားနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးပြခန်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ လွတ်လပ်သော မြန်မာနိုင်ငံ၏ နိုင်ငံတော်အလံလွှင့်တင်ခြင်းအခမ်းအနား မှတ်တမ်းမှတ်ရာ၊ လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေးအသိအမှတ်ပြုစာတမ်း၊ မြန်မာနိုင်ငံတော်အလံများနှင့် ၁၉၄၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့ပြခန်းများ၊ ကချင်ပြည်နယ် ပူတာအိုခရိုင် မဂွေဇ - ခေါင်လန်ဖူးလမ်း ဖောက်လုပ်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများ၊ စာအုပ်စာပေအရောင်းဆိုင်နှင့် စာပေဗိမာန်ဆိုင်ရာ မှတ်တမ်း ဓာတ်ပုံပြခန်းများကို ခင်းကျင်းပြသထားသည်။

ထို့ပြင် ပြည်သူများ သိသင့်သိထိုက်သည့် သမိုင်းဝင်စာချုပ်၊ စာတမ်းများနှင့် ကျောက်စာများပြခန်း၊ အမျိုးသားစာကြည့်တိုက်ပြခန်း၊ ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် မြန်မာနိုင်ငံ၏ အဓိကဂေဟစနစ်ကြီးများပြခန်း၊ သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးပြခန်း၊ နိုင်ငံအတွင်းနေထိုင်သူ အသက် ၁၀ နှစ်အထက်ရှိ နိုင်ငံသားများအား ကိုယ်ရေးအချက်အလက် စိစစ်ကောက်ယူမှုပြုလုပ်ပေးသည့်ပြခန်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍပြခန်း၊ လျှပ်စစ်ကားနည်းပညာဆိုင်ရာပြခန်း၊ ရွှေ့လျားသိပ္ပံနှင့် နည်းပညာပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှုပြခန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန တက္ကသိုလ်နှင့် သင်တန်းကျောင်းများမှ လူငယ်ဆိုင်ရာလှုပ်ရှားမှုပုံရိပ်ပြခန်း၊ လူငယ်များ သိသင့်သိထိုက်သည့်အားကစားနှင့်လူငယ်ရေးရာပြခန်းနှင့် E-Sports ပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ တိုးတက်ကျယ်ပြန့်စေရန် ဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများပြခန်းနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပြခန်းတို့ကို ခင်းကျင်းပြသထားသည်။

**စာအုပ်များခင်းကျင်းပြသရောင်းချ**

အလားတူစာအုပ်စာပေများ ဖတ်ရှု၍ အသိပညာ၊ အတတ်ပညာဗဟုသုတများ ရယူရန် စိတ်အားထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များအတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေးစာအုပ်များ၊ ကျန်းမာရေးကဏ္ဍစာအုပ်များ၊ ပညာရပ်ဆိုင်ရာစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာစာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွားရေးစီမံခန့်ခွဲမှု စာအုပ်များနှင့် သမိုင်းစာအုပ်များခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေဗဟုသုတများနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်အတွင်း၌လည်း (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု မြန်မာစာရေးဆရာ ဆရာမကြီးတို့၏ ဓာတ်ပုံများ၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ သဘာဝအလှရှုခင်းများ၊ ရိုးရာဓလေ့ပွဲတော်များနှင့် အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိရာ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသူများကို တွေ့ရသည်။

ဖျော်ဖြေရေး အစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် အနုပညာဦးစီးဌာနမှ ဝန်ထမ်းများနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကြောင့်လည်း ပြပွဲကြီးကိုပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများကလည်း စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။

**အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်**

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စိတ်ဝင်စားဖွယ်အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့်ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက်သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်းဖြစ်ခဲ့သည်။

အလားတူ ပွဲတော်သို့ လာရောက်လေ့လာကြသူများ လျှပ်စစ်သုံးယာဉ်(EV) ဆိုင်ရာ အသိပညာ၊ အတတ်ပညာများ သိရှိနိုင်စေရန်၊ လျှပ်စစ်သုံးယာဉ်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အလုပ်လုပ်ပုံနှင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုများကို ဗဟုသုတအဖြစ် သိရှိနိုင်စေရန်အတွက် လျှပ်စစ်သုံးယာဉ်(EV) ဆိုင်ရာ ပြခန်းကိုလည်း ပါဝင်ပြသထားရာ စိတ်ပါဝင်စားစွာ လေ့လာကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ကို အသိပညာပေးပြသထားပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်ထိန်းလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သောဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကို ပြသထားရာ ကျောင်းသားကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

**ကစားနည်းများပါဝင်ဆင်နွှဲ**

အဆိုပါပွဲတော်ကြီးသို့ လာရောက်လေ့လာဆင်နွှဲကြသည့် လူငယ်များနှင့် ကလေးငယ်များ ပျော်ရွှင်စေရန်အတွက်လည်း ဝန်ကြီးဌာနအသီးသီးအလိုက် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများ၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားနည်း စသည့် စိတ်ဝင်စားဖွယ်ရာ ကစားနည်းများနှင့် ဉာဏ်စမ်းပဟေဠိ ကစားနည်းများကို အသိပညာပေးနည်းလမ်းများ တွဲဖက်၍ ကစားစေသည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားရာ စိတ်ဝင်တစား ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့် မိဘပြည်သူများအနေဖြင့် တိုင်းရင်းသားများ၏ ရိုးရာအစားအသောက်များကို ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် အလွယ်တကူစားသုံးနိုင်ရန်အတွက်လည်း တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ အစားအသောက်များ ပြတ်လပ်သည်အထိ လာရောက်စားသုံးဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသူများ တစ်စုံတစ်ရာကျန်းမာရေးချို့ယွင်းမှု ဖြစ်ပေါ်ပါကလည်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ထည့်သွင်းထားပြီး တာဝန်ရှိသူများကလည်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက်လည်း လုံခြုံရေးအစီအမံများ စနစ်တကျဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပွဲတော်အား လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့်အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှတစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ် ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူ သိမြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**မျိုးချစ်စိတ်ဓာတ်များမြင့်မားလာရန်**

ထို့ကြောင့် ကျောင်းသားလူငယ်များ သိသင့်သိထိုက်သည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိမြင်စေပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့် အနုပညာရပ်များ၏ အကျိုးကျေးဇူးကို သိရှိစေရန်နှင့် မိမိတို့၏ အတွေးအမြင်များဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လာနိုင်စေရန် ပြခန်း၊ ပြကွက်များနှင့် အခြားကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စာပေနှင့် အနုပညာဆိုင်ရာအကြောင်းအရာများကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပြသမည့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မည်သူမဆို လွတ်လပ်စွာ အခမဲ့ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရှိရသည်။

**မျိုးဆက်သစ်**

**ဓာတ်ပုံ - ရွှေကိုလေး**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့


























# Mandalay International Trade Fair & Investment Forum 2023 ဖွင့်ပွဲအခမ်းအနားကျင်းပ

## မန္တလေးတိုင်းဒေသကြီးသည် အဓိကကျသည့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားနိုင်ပြီး စက်မှုလုပ်ငန်းများထွန်းကားသည့် တိုင်းဒေသကြီးဖြစ်

မန္တလေး ဒီဇင်ဘာ ၂၀

ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအချင်းချင်းချိတ်ဆက်ပေးနိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးအလားအလာများ သိသာပေါ်လွင်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပသည့် Mandalay International Trade Fair & Investment Forum 2023 ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Mandalay Convention Center ၌ ကျင်းပသည်။



အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း၊ MRCCI ဥက္ကဋ္ဌ ဦးဝင်းဌေး၊ ယူနန်၊ တက်ဟုန်း၊ ဟူနန် ကုန်သည်ကြီးများ အသင်းတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ဦးထွန်းအုံနှင့် တာဝန်ရှိသူများက Mandalay International Trade Fair & Investment Forum 2023 ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး (ယာပုံ) ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### အားပေးဆောင်ရွက်

ထို့နောက် Forum ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က မန္တလေးတိုင်း ဒေသကြီးသည် အဓိကကျသည့် ကုန်သွယ်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်ထားနိုင်ပြီး စက်မှုလုပ်ငန်းများ ထွန်းကားသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံ အကြောင်းတရားများနှင့် ပြည့်စုံနေသည့် တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်က အားပေးလျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ထုတ်လုပ်မှုကွင်းဆက်များတွင် ပါဝင်နိုင်ခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်နိုင်ရန် အလားအလာကောင်းများရှိကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုကောင်းများ ဖော်ဆောင်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခုကဲ့သို့ နိုင်ငံတကာ ကုန်စည်ပြပွဲများကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းကျင်းပခြင်းကြောင့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ အချင်းချင်းတွေ့ဆုံနိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် ပို့ကုန်ကဏ္ဍ တိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲများမှတစ်ဆင့် နိုင်ငံတကာတွင်ကျင်းပသည့် ကုန်စည်ပြပွဲများသို့ ပြည်တွင်းကုန်ထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များပါဝင်နိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### လက်မှတ်ရေးထိုး

ထို့နောက်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ရေရှည်ရပ်တည်ရှင်သန်သွားနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ UMFCCI ဥက္ကဋ္ဌက နိုင်ငံအတွင်းရှိ MSME လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေးအတွက် UMFCCI အသင်းချုပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ MRCCI ဥက္ကဋ္ဌက ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် MRCCI အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်၊ ၁၀၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် နို့၊ ပဲနို့ရည် အမျိုးမျိုးနှင့် ရေသန့်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချရေးလုပ်ငန်းဆောင်ရွက်နေသည့် ဥရောပ၊ အာရှအဖျော်ယမကာ ကုမ္ပဏီလီမိတက်နှင့် ၁၀၀ ရာခိုင်နှုန်း ကိုရီးယားနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် တိရစ္ဆာန်အစားအစာနှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း ဆောင်ရွက်နေသည့် Sunjin Myanmar Co; Ltd များသို့ သွားရောက်ရာ တာဝန်ရှိသူများက ကူညီ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုအားပေး

ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရင်းနှီးမြှုပ်နှံမှု တိုးချဲ့နိုင်ရေး၊ ထုတ်ကုန်တိုးမြှင့်နိုင်ရေး၊ အရည်အသွေးမီ ထုတ်ကုန်များဖြစ်၍ ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ပြည်တွင်းထုတ်ကုန်ကြမ်းများ ပိုမိုဦးစားပေးအသုံးပြုရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီအစဉ် (CSR) မြှင့်တင်ဆောင်ရွက်ရေး၊ လုပ်ငန်းစွန့်ပစ်ပစ္စည်းများမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး စက်ရုံလည်ပတ်နေမှုနှင့် ကုန်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

စက်ပစ္စည်းကြီးကြပ်မှု ကော်မတီ၏ (၄/၂၀၂၃-၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်မှု ကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှု ကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့် ပတ်သက်၍ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသဖြင့် အစိုးရဌာနဆိုင်ရာများ၏ စက်ပစ္စည်းကဏ္ဍအတွက် ရန်ပုံငွေသုံးစွဲမှု၊ စက်ပစ္စည်းဝယ်ယူမှု၊ စက်ပစ္စည်းအသုံးပြုမှုများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် ကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ စနစ်တကျစိစစ်ဆောင်ရွက်သွားကြရန်နှင့် ကော်မတီအဖွဲ့ဝင်များအနေဖြင့် ယခုညှိနှိုင်းအစည်းအဝေးတွင် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနများက တင်ပြသည့် အမှာစာများကို သက်ဆိုင်ရာကော်မတီဝင်များနှင့် ဝန်ကြီးဌာန ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြခြင်း၊ "ငွေလုံးငွေရင်းအသုံးစရိတ် (စက်ပစ္စည်း) အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းတို့ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်" ကို အတည်ပြုနိုင်ရေးအတွက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်၌ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာ စုစုဒွေး၊ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ခဲ့သည်။



အခမ်းအနားတွင် သဘာပတိတိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးက ညီလာခံနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ပထမဦးစွာ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်(၄)ခုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင်- အဆို-(၁) "တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်" အဆိုနှင့် ပတ်သက်၍ တိုင်းရင်းဆေးတက္ကသိုလ်အနေဖြင့် နိုင်ငံတကာရှိ တိုင်းရင်းဆေးတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆို-(၂)"ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် ပိုမိုကောင်းမွန်သော ဦးစီးဌာနသုံး တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရန်" အဆိုနှင့်ပတ်သက်၍ မိမိတို့၏ ဦးစီးဌာနသုံး ဆေးဝါးများအား သုတေသနလုပ်ဆောင်ရန်အတွက် ရည်ရွယ်ပြီး သုတေသနသင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းနှင့် ယင်းသင်တန်းများကိုလည်း တက်ရောက်ကြစေလိုကြောင်း၊ အဆို-(၃) "တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန် တိုင်းရင်းဆေးပညာရှင်များအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်"အဆိုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တိုင်းရင်းဆေးရပ်ဝန်းတစ်ခုလုံးအားရည်ရွယ်၍ ပညာရပ်ဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချရန်အတွက် ရည်ရွယ်ခဲ့ပါကြောင်း၊ အဆို-(၄)တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်" အဆိုနှင့် ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း စသည်တို့နှင့် ပူးပေါင်း၍ ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း စသည့် အဆိုများနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များအား အဖွဲ့ငယ်များဖွဲ့စည်းပြီး အဖွဲ့အလိုက် ပါဝင်သင့်သော ပညာရှင်ကြီးများ ပါဝင်ကာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကလည်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်းနှင့်အားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

(၂၂)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

ယင်းနောက် ညီလာခံကိုယ်စားလှယ်များကို အုပ်စု(၄)စုခွဲကာ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက် တစ်ခုချင်းစီအတွက် အုပ်စုအလိုက် ဆွေးနွေးကြကာ ညီလာခံတွင် တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ်များ ရွေးချယ်မှုပြုလုပ်ခဲ့သည်။ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် ပြည်သူလူထုအကျိုးပြု အဆိုပြုချက်လေးခုကို တင်ပြဆွေးနွေးကြမည်ဖြစ်သည်။

နေ့လယ်ပိုင်းတွင် ညီလာခံကိုယ်စားလှယ်များအား နေပြည်တော်တစ်ဝိုက်ရှိ မာရဝိဇယရုပ်ပွားတော်သို့ လေ့လာရေးပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး နယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၄ ရက်မှစ၍ ခရိုင်နယ်မြေများ အလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့ (ဒီဇင်ဘာ ၂၀ ရက်)တွင် ပုဇွန်တောင်မြို့နယ် ရပ်ကွက် လေးခုမှ ပြည်သူ ၃၇၃ ဦး၊ ဒလမြို့နယ် ရပ်၊ ကျေး ၂၇ ခုမှ ပြည်သူ ၄၅၃ ဦး၊ အလုံမြို့နယ် ရပ်ကွက် ၁၁ ခုမှ ပြည်သူ ၆၁၇ ဦး စုစုပေါင်းပြည်သူ ၁၄၄၃ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာမှုများ ဆောင်ရွက်ခဲ့ကြသည်။



သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မြို့နယ် ၂၄ ခုတို့မှ စုစုပေါင်း မဲဆန္ဒရှင်ပြည်သူ ၂၁၇၆၉ ဦး တက်ရောက်လက်တွေ့စမ်းသပ်မဲပေး လေ့လာခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဒီဇင်ဘာ ၂၁ ရက်တွင် လှည်းကူးမြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## အိမ်မဲမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး ပလတ်စတစ် Campaign ပြုလုပ်

**အိမ်မဲ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေးတို့အတွက် ပလတ်စတစ် Campaign ကို ယနေ့နံနက် ၈ နာရီခွဲတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်နေ ပြည်သူများက စုပေါင်း၍ ချောင်းဝရပ်ကွက် (၁) လမ်း (ကမ်းနားလမ်းတစ်လျှောက်) မှ မြို့မဈေးကြီးအထိ ပလတ်စတစ်အမှိုက်များကို စုပေါင်းကောက်ခဲ့ကြပြီး စနစ်တကျ ပြန်လည်စွန့်ပစ်ပေးခဲ့သည်။



ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးနှင့် ပတ်ဝန်းကျင်ရှိ ဈေးဆိုင်များအား အများပြည်သူ ပူးပေါင်းပါဝင်သောအမှိုက်သိမ်းစနစ်ဖြစ်ပေါ်လာစေရေးနှင့် အမှိုက်ကင်းစင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အိမ်မဲမြို့နယ် အတွင်း သန့်ရှင်းသာယာသော မြို့နယ်များ ဖြစ်လာစေရန်အတွက် ဌာနဆိုင်ရာများနှင့် ပြည်သူလူထု ပါဝင်သော ပလတ်စတစ် Campaign များကို အရှိန်အဟုန်မြှင့်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

---

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ညအပူချိန်များမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်နှင့် ကရင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီ စင်တီဂရိတ်၊ ကျောက်မဲမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ လွိုင်လင်မြို့၊ မိုင်းယန်းမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် စည်းဝေး



**နေပြည်တော် ဒီဇင်ဘာ ၂၀**

အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ တတိယ အကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ်များမှ အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးဆွဲရေး အဖွဲ့ငယ်ခေါင်းဆောင်များနှင့် အစည်းအဝေး တက်ရောက်လာကြသူများက အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအချိန်ကာလ သတ်မှတ်ချက်အတိုင်း အချိန်မီပြုစုနိုင်ရေးကိစ္စရပ်များ အပါအဝင် အမျိုးသားမြေအသုံးချမှု ကောင်စီ စတုတ္ထအကြိမ် အစည်းအဝေးက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ကိစ္စများ၊ အဖွဲ့ငယ်အလိုက် ဆောင်ရွက်ပြီး လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းရပ်များ၊ ဥပဒေမူကြမ်း လက်တွေ့ရေးသားပြုစုကြရာတွင် ဥပဒေအခန်းအလိုက် ပြီးစီးမှုအခြေအနေများကို တင်ပြပေးနိုင်ရေးနှင့် ညှိနှိုင်းပေါင်းစပ်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယခု ရေးဆွဲလျက်ရှိသည့် အမျိုးသား မြေဥပဒေမူကြမ်းတွင် မြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်၊ လမ်းညွှန်မှု၊ အခြေခံမူများကို အကောင်အထည် ဖော်နိုင်ရန်၊ မြေစီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသော တည်ဆဲဥပဒေများ သဟဇာတဖြစ်စေရန်၊ မြေအုပ်ချုပ်စီမံမှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ထည့်သွင်းရေးဆွဲနိုင်ရေး အတွက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီနှင့် အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ ဥပဒေ ရေးဆွဲရေးအဖွဲ့ငယ်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (SSB) နှင့် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းဖြစ်နေသည့် မြန်မာအလုပ်သမားအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (SSB) နှင့် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းဖြစ်နေသည့် မြန်မာအလုပ်သမားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) ၌ အကျုံးဝင် မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမား မောင်အောင်ကိုသင်း (ME 489831) သည် ၂၀၁၅ ခုနှစ်တွင် မလေးရှားနိုင်ငံ ပီနန်းပြည်နယ်ရှိ Hong Poh Engineering Construction Sdn bhd ဆောက်လုပ်ရေးကုမ္ပဏီ၌ အလုပ်လုပ်ကိုင်နေစဉ် အမြင့်မှ ပြုတ်ကျ၍ ဦးခေါင်းထိခိုက် ဒဏ်ရာရရှိပြီး အမြဲတမ်း(လုံးဝ) မသန်စွမ်းမှု ဖြစ်ပွားခဲ့ရာ ပီနန်းပြည်နယ်ရှိ I–Care Nursing Home ၌ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) က ဆေးကုသမှုပေးခဲ့သည်။

မောင်အောင်ကိုသင်းကိုမြန်မာနိုင်ငံသို့ စနစ်တကျ ပြန်လည်ပို့ဆောင်ရန်အတွက် နှစ်နိုင်ငံ လူမှုဖူလုံရေး အဖွဲ့များအကြား Online ဖြင့် Technical Meeting များ ကျင်းပပြုလုပ်ခဲ့ပြီး မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အကူအညီဖြင့် မလေးရှားလေကြောင်း ခရီးစဉ်အမှတ် (MH–740) ဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဆိုက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး(ရန်ကုန်)၊ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် မောင်အောင်ကိုသင်း၏ မိသားစုဝင်များက လွှဲပြောင်းလက်ခံ၍ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး (ရန်ကုန်)၌ လိုအပ်သည့်ဆေးကုသမှုများ ဆက်လက်ခံယူလျက်ရှိကြောင်း၊ မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်က ငွေကျပ် ၂၂၀၀၀၀၀/– (ကျပ်နှစ်ဆယ့်နှစ်သိန်းတိတိ) ကို မိခင်ဖြစ်သူထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) မှ ပေးအပ်မည့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်များ ရရှိနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (SSB) နှင့် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) တို့အကြား လူမှုဖူလုံရေးအစီအစဉ်နှင့် လုပ်ငန်းစဉ်များ မြှင့်တင်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOC) ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်က လက်မှတ်ရေးထိုး၍ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) ၌ အကျုံးဝင် မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင် ထိခိုက်မှုကြောင့် သေဆုံးသွားသည့် မြန်မာအလုပ်သမား ၂၁ ဦးမှ မှီခိုသူ အကျိုးခံစားခွင့်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆၉၀၀၁ ဒသမ ၄၇ ( USD$ 169,001.47 ) နှင့် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်း (လုံး၀) မသန်စွမ်းမှု ဖြစ်ပွားသည့် မြန်မာအလုပ်သမား နှစ်ဦးအနက် တစ်ဦးမှ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၈၀၂ ဒသမ ၄၆ (USD$ 2,802.46) တို့ကို မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) က မိသားစုဝင်များ၏ ဘဏ်စာရင်းမှတစ်ဆင့် လက်ခံရရှိခဲ့ကြောင်း၊ မလေးရှားနိုင်ငံ၌ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေသည့် မြန်မာ ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ PERKESO) ၌ အကျုံးဝင် မှတ်ပုံတင်ထားရှိရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းခွင်ထိခိုက်မှုအတွက် မှီခိုသူ အကျိုးခံစားခွင့်နှင့် အမြဲတမ်း (လုံး၀) မသန်စွမ်းမှုများအတွက် အကျိုးခံစားခွင့်များ မှန်ကန်မြန်ဆန်စွာ ရရှိစေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေး စီမံကိန်းအကြောင်း ညှိနှိုင်းဆွေးနွေး

**ဟိုပုံး ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်းက ဆောင်ရွက်သည့် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေး စီမံကိန်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုသရေးနှင့်ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစန်းလှိုင်က ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးကြသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်းမှ သင်ကြားရေးအရာရှိ ဒေါ်ခင်ဆွေဦးက စီမံကိန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းမှ ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးစည်သူမောင်က လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ငှက်ဖျားရောဂါနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ၂၀၂၃ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းအခြေအနေများ၊ ငှက်ဖျားရောဂါဖြစ်ပွားပါက အခမဲ့ဆေးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



**ပအိုဝ်းဒေသ(ပြန်/ဆက်)**

"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

[illegible]

လိပ်မူတိုင်ကြားရန် လိပ်စာ

[illegible]

Email Address - [illegible]
Website Address - [illegible]

## မြန်မာနိုင်ငံတွင် တွေ့ရခဲသော မန်ဒရင်းဘဲ အမျိုးအစားသည် လှော်ကားဥယျာဉ်တွင် ဆောင်းခိုရန် ရောက်လာသည့်အတွက် ငှက်ကြည့်သူများ လာရောက်ကြည့်ရှုမှုရှိနေ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံတွင် တွေ့ရခဲသော မန်ဒရင်းဘဲငှက် အမျိုးအစားသည် လှော်ကားဥယျာဉ်တွင် ဆောင်းခိုရန် ရောက်လာသည့်အတွက် ငှက်ကြည့်သူများက ရပ်ဝေးမှတကူးတကလာရောက်ကြည့်ရှုမှုရှိနေကြောင်း လှော်ကားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



မန်ဒရင်းဘဲငှက်သည် ရေဘဲအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံအတွင်း တွေ့ရခက်ခဲသော ဆောင်းခိုငှက်တစ်မျိုးဖြစ်ကာ အမွေးအတောင် အရောင်စုံလင်လှပြီး ကျောကုန်းအပေါ်တွင် ကွေးတက်သွားသော ရွက်အတောင်ပါသဖြင့် တခြားသော ငှက်အမျိုးအစားများထက် သာလွန်ထူးခြားလှပကြောင်း သိရသည်။

ယမန်နှစ်က ဆောင်းခိုခဲ့သော မန်ဒရင်းဘဲငှက်တစ်ကောင်သည် ယခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဆောင်းခိုရန် ထပ်မံရောက်ရှိလာခဲ့ရာ ငှက်ကြည့်ဝါသနာရှင်များ အများအပြား လာရောက်ကြည့်ရှု မှတ်တမ်းတင်နေကြခြင်း ဖြစ်သည်။

"မန်ဒရင်းဘဲငှက်က အရင်တုန်းက လှော်ကားဥယျာဉ်အတွက် မှတ်တမ်း မရှိခဲ့ဘူး။ ပြီးခဲ့တဲ့ဇန်နဝါရီမှာ မှတ်တမ်းအသစ်တွေ့တာပါ။ ဒီငှက်က ကမ္ဘာနဲ့ချီရင်တော့ အလွန်မရှားဘူး။ ဒါပေမယ့် မြန်မာနိုင်ငံမှာတော့ ဆောင်းခိုတာ တော်တော်ရှားတယ်။ အဲဒီအခါကျတော့ တွေ့ရဖို့က ခက်တယ်။ ကချင်ပြည်နယ်မှာ မှတ်တမ်းတွေ ရှိခဲ့ဖူးတယ်။ ခက်ခက်ခဲခဲသွားကြည့်ရတယ်။ မြန်မာနိုင်ငံမှာ လွယ်လွယ်ကူကူ မတွေ့ရတဲ့အတွက် ငှက်ကြည့်သမားတွေအနေနဲ့ အလွန်စိတ်ဝင်စားကြတယ်။ တချို့ဆို ရန်ကုန်အပြင် မန္တလေး၊ ပဲခူးဘက်ကနေတောင် လာကြည့်ကြတာရှိတယ်" ဟု ၎င်းကဆိုသည်။

လှော်ကားဥယျာဉ်တွင် မန်ဒရင်းဘဲငှက်အပြင် အခြားသော ထူးခြားလှပသော ဆောင်းခိုငှက်များ ရောက်ရှိနေ၍ ငှက်ချစ်သူများနှင့် ငှက်ကြည့်ဝါသနာရှင်များအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း အဆိုပါဥယျာဉ်မှ တာဝန်ရှိသူများက ဖိတ်ခေါ်ထားကာ လက်ရှိတွင် လှော်ကားဥယျာဉ်သို့ တစ်နေ့လာရောက်လည်ပတ်သူဦးရေမှာ ၃၀၀ ဝန်းကျင်မှ ၁၀၀၀ ဝန်းကျင်ခန့်အထိ ရှိကြောင်း သိရသည်။

"ပုံစံလေးကလည်း အလွန်လှတော့ ဆွဲဆောင်မှုရှိတာပေါ့။ ငှက်သမားတိုင်းကတော့ ရှားပါးတဲ့ငှက်တွေ၊ မတွေ့ဖူးတဲ့ ငှက်တွေဆို ကြည့်ချင်ကြတော့ လာကြတာပေါ့" ဟု ၎င်းက ဆိုသည်။

**MT**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဒီဇင်ဘာ ၂၀** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# နိုင်ငံတကာသတင်း

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရထားတစ်စင်းမီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံး

**ဇန်နဝါရီလတွင် ပြုလုပ်ရန်စီစဉ်ထားသော အထွေထွေရွေးကောက်ပွဲမတိုင်မီ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်**

**ဒါကာ ဒီဇင်ဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မောင်းနှင်သွားလာနေသော ရထားတစ်စင်းပေါ်တွင် ဒီဇင်ဘာ ၁၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး သုံးနှစ်အရွယ်ကလေးငယ်နှင့် ၎င်းမိခင် အပါအဝင် လေးဦး သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



အဆိုပါ ရထားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းမှ နိုင်ငံ၏ မြို့တော် ဒါကာသို့ ဦးတည်မောင်းလာသည့် ရထားဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ရထားတွဲသုံးတွဲ ဆိုးဆိုးရွားရွား မီးလောင်ကျွမ်းခဲ့သည်။ ရထားမှာ ခရီးသည် အများအပြား တင်ဆောင်လာသော ရထားတစ်စင်းဖြစ်ကြောင်းလည်း သိရသည်။

ရှို့မီးကြောင့် ဖြစ်နိုင်သော အဆိုပါဖြစ်စဉ်ကို ရဲတပ်ဖွဲ့က စုံစမ်း စစ်ဆေးလျက်ရှိသည်။ ဇန်နဝါရီလတွင် ပြုလုပ်ရန် စီစဉ်ထားသောအထွေထွေရွေးကောက်ပွဲမတိုင်မီ ထိုမီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရဲတပ်ဖွဲ့ဝင်များနှင့် အတိုက်အခံပါတီများကို ထောက်ခံသူများအကြား ပဋိပက္ခများလည်း ဖြစ်ပွားလျက်ရှိသည်။

ထောက်ခံသူများသည် အစိုးရဆန့်ကျင်ဆန္ဒပြမှုများတွင် ပါဝင်လာကြကြောင်း၊ အချို့ဆန္ဒပြသူများက အကြမ်းဖက်အသွင်ဆောင်လာကြကြောင်း၊ ဘတ်စ်ကားများနှင့် အခြားယာဉ်များကို မီးရှို့ခဲ့ကြကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လုံခြုံရေးမှာ အထွေထွေရွေးကောက်ပွဲမတိုင်မီ ဆိုးဆိုးရွားရွား ဖြစ်လာနိုင်ကြောင်း လေ့လာသူများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ကင်ညာရေကြီးမှု သေဆုံးသူ ၁၇၄ ဦးအထိ မြင့်တက်လာ

**နိုင်ရိုဘီ ဒီဇင်ဘာ ၂၀**

ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူအရေအတွက်မှာ ၁၇၄ ဦးအထိ မြင့်တက်လာကြောင်း၊ ရေကြီးရေလျှံမှုမှာ တည်ငြိမ်လာပြီဖြစ်သော်လည်း လွန်ခဲ့သည့် သုံးရက်အတွင်း ရေကြီးရေလျှံမှုနှင့် ဆက်စပ်သော မြေပြိုကျမှုများကြောင့် ခြောက်ဦး သေဆုံးခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ အိဆတ်စ် အမ်ဝုရာက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောသည်။ ထို့ပြင် ရေကြီးရေလျှံမှုကို ပြင်းပြင်းထန်ထန်ခံစားရသည့် ဒေသများမှာ နိုင်ငံအရှေ့တောင်ဘက်ရှိ တာနာရေးဗား ဒေသနှင့် လာမူဒေသတို့ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ အောက်တိုဘာလက စတင်ခဲ့သော ပုံမှန်မဟုတ်သည့် မိုးသည်းထန်စွာ ရွာသွန်းမှုမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ဆက်လက်ရှိနေနိုင်ကြောင်း ကင်ညာမိုးလေဝသဌာနက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# နောက်ဆုံးရနိုင်ငံတကာသတင်း

## ဂျပန်သို့ လာရောက်သည့် နိုင်ငံခြားခရီးသွားပေါင်း လေးနှစ်အတွင်း သန်း ၂၀ ကျော်ရှိလာ

ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသား ခရီးသွားဦးရေမှာ ကပ်ရောဂါမတိုင်မီကာလ ၂၀၁၉ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ်အဖြစ် သန်း ၂၀ ကျော်လွန်လာပြီဟု သိရသည်။ နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် ခရီးသွားပေါင်း ၂ ဒသမ ၄၄ သန်းရှိသည်ဟု ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့အစည်းကပြောသည်။ ခရီးသွားဦးရေ နှစ်သန်းကျော်လွန်သည်မှာ ခြောက်လဆက်တိုက်ရှိပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အခြေအနေများ ဆိုးရွားနေဆဲဖြစ်

ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများမှာ ဆက်လက်ဆိုးရွားနေဆဲဖြစ်ပြီး လူပေါင်း ၁ ဒသမ ၉ သန်းခန့်သို့မဟုတ် ဒေသခံ ၈၀ ရာခိုင်နှုန်းကျော်မှာ နေရပ်စွန့်ခွာထွက်ပြေးကြရသည်ဟု ကုလသမဂ္ဂအရာရှိများက ခန့်မှန်းထားသည်။ လူပေါင်း ၁ ဒသမ ၄ သန်းနီးပါးမှာ ပြည်တွင်း၌ပင် ရွှေ့ပြောင်းနေထိုင်နေရပြီး ယာယီတည်ဆောက်ထားသည့် ခိုလှုံရာနေရာ ၁၅၅ ခုတွင် ခိုလှုံနေထိုင်နေရသည်ဟု ကုလသမဂ္ဂပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ သက်သာချောင်ချိရေးနှင့် အလုပ်သမားအေဂျင်စီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံ၌ ရာသီဥတုဆိုးရွားမှုကြောင့် လူပေါင်း ၈၀၀၀ ကျော် ထိခိုက်မှုဖြစ်ပွား

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သည့် ခြောက်ရက်အတွင်း ဆိုးရွားသော ရာသီဥတုအခြေအနေများကြောင့် လူပေါင်း ၈၀၀၀ ကျော် ထိခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဒီဇင်ဘာ ၂၀ ရက်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ သိရသည်။ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခတ်ခြင်းတို့မှ ဖြစ်ပေါ်လာနိုင်သော ပျက်စီးဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်စေရန်အတွက် လုံလောက်သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် အဆိုပါဌာနက ပြည်သူများကို တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ကို နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော်တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၇၈) စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/- (ကျပ် နှစ်ဆယ့်ငါးသိန်း တိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော် ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၀၇၈၁၇၃

(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၄၄၈၁၂၇၉၀၇

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းနည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် နေပြည်တော်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် စာတတ်မြောက်ရေးလုပ်ငန်းတွင် တာဝန်ယူသင်ကြားပေးကြမည့် စေတနာလုပ်အားပေးနည်းပြနှင့် ကြီးကြပ်များ တက်ရောက်ကြသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွင်းမှ ဦးတည်အုပ်စုဖြစ်သည့် အသက် (၁၅)နှစ်နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်လာစေရေးနှင့် လူနေမှုဘဝများ မြင့်မားလာစေရေးတို့အတွက် အသိပညာများ ဖြန့်ဝေရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး ဒေသဖွံ့ဖြိုးရေးနှင့် စာတတ်မြောက်ရေးလုပ်ငန်းများ လုပ်ဆောင်သွားနိုင်ရန် ဦးဆောင်သင်ကြားပေးကြမည့် စေတနာလုပ်အားပေးနည်းပြ၊ ကြီးကြပ်များအနေဖြင့် သင်တန်းကာလတွင် အသေးစိတ်လေ့လာမှတ်သားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ စေတနာလုပ်အားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ် ရှစ်မြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြိုတင်ပြင်ဆင်ခြင်း၊ အစ၊ အလယ်၊ အဆုံး လုပ်ငန်းများတွင် ကော်မတီဝင် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် ပညာရေးမှူးများအပါအဝင် စေတနာလုပ်အားပေး နည်းပြ၊ကြီးကြပ်များက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်နှင့် လူတိုင်းအတွက် ပညာရေး(Education For All- EFA) လုပ်ငန်းစဉ်များတွင် အားလုံးက ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်း စာမတတ်သူဦးရေ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် သက်ဆိုင်သူများအားလုံးက ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် စေတနာလုပ်အားပေး နည်းပြ၊ ကြီးကြပ်များနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ရက်ပေါင်း ၄၀ ကြာ ပို့ချသွားမည်**

အဆိုပါ ၂၀၂၃ ခုနှစ် ပြည်ထောင်စုနယ်မြေ မြို့နယ် ရှစ်မြို့နယ် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းနည်းပြသင်တန်းသို့ မြို့နယ်များမှ စေတနာလုပ်အားပေး နည်းပြ၊ ကြီးကြပ် သင်တန်းသား သင်တန်းသူ ၁၀၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် စာတတ်မြောက်ရေးလုပ်ငန်း၏ သဘောသဘာဝ၊ စာတတ်မြောက်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊အခြေခံမြန်မာစာဘာသာရပ်သင်ကြားနည်း၊ အခြေခံသင်္ချာဘာသာရပ်သင်ကြားနည်း၊ သင်ကြားသင်ယူမှုနည်းစနစ်များ၊ သင်ပြနည်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ စာသင်သား၊ စာသင်ဝိုင်းနှင့် နည်းပြ၊ ကြီးကြပ် စာရင်းကောက်ပုံစံများ၊ တတ်မြောက်မှုပုံစံများ စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော် ရှစ်မြို့နယ်အတွင်း စာရင်းကောက်ယူရရှိထားသော (စာမတတ်သူ) စာသင်သား ၅၂၉ ဦးကို တစ်ရက်ပျမ်းမျှ သုံးနာရီနှုန်းဖြင့် အနည်းဆုံး နာရီပေါင်း ၁၂၀ ရက်ပေါင်း ၄၀ ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ် ကိုယ်ပိုင်(သို့မဟုတ်)ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာနှင့် အမိန့်ကြော်ငြာစာ ရှင်းလင်းပွဲ ပဲခူးမြို့၌ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၀**

ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ၂၀၂၃ ခုနှစ် ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာနှင့် အမိန့်ကြော်ငြာစာ ရှင်းလင်းပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက ပုဂ္ဂလိကပညာရေး ဥပဒေထွက်ရှိပြီး နှစ်နှစ်အတွင်း အာဏာတည်နိုင်စေရေးအတွက် နည်းဥပဒေများ မပေါ်ထွက်မီ ပညာရေးလုပ်ငန်းများ ပြတ်တောက်မသွားရန်နှင့် အဆင်ပြေ ချောမွေ့စေရန်အတွက်လည်းကောင်း၊ ဥပဒေလမ်းညွှန်ချက်များအတိုင်း ဖြစ်ပေါ်စေရန်အတွက် လည်းကောင်း လိုအပ်သည့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ဆောင်ရွက်လေ့ ရှိခြင်းကြောင့် အမိန့် ကြော်ငြာစာများအပေါ်တွင် ဥပဒေကဲ့သို့ သဘောထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပုဂ္ဂလိက (သို့မဟုတ်) ကိုယ်ပိုင်ကျောင်းများအနေဖြင့် အသစ်ပြဋ္ဌာန်းလိုက်သည့် ပုဂ္ဂလိကပညာရေး ဥပဒေအရ လျှောက်လွှာနှင့်အတူ လိုအပ်သည့်စာရွက်စာတမ်း အချက်အလက်များ ပြီးပြည့်စုံပါက ငါးနှစ် တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး လိုအပ်သည့် အချက်အလက်၊ စာရွက်စာတမ်း အထောက်အထားများ ပြည့်ပြည့်စုံစုံဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။



**ရှင်းလင်းပြောကြား**

ထို့နောက်ပဲခူးတိုင်းဒေသကြီး ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး ပညာရေးမှူး ဆရာကြီး ဦးမျိုးဝင်းအောင်က ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းဆိုင်ရာကိစ္စများကို လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဆရာကြီး ဦးခင်အောင်ရီက ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာများနှင့် အမိန့်ကြော်ငြာစာများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

**စိစစ်လက်ခံ**

ယင်းနောက်တက်ရောက်လာကြသည့် ကိုယ်ပိုင်(သို့မဟုတ်) ပုဂ္ဂလိကကျောင်းများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး ပညာရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး (ပညာ) တို့က ပြန်လည်ဖြေကြား ဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီ၊ နတ္တလင်းခရိုင်ခြောက်ခုမှ ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်း ၁၃၈ ကျောင်း၏လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး ကိုယ်ပိုင် (သို့မဟုတ်) ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့မှ စိစစ်လက်ခံဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သက်ထက်**

# နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာငါးလေလံဈေးနှင့်စက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဒေသရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်

**ထားဝယ် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့အကြား မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ လေ့လာဆန်းစစ် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ Feasibility Study (F.S) (MoU)လက်မှတ်ရေးထိုးချုပ်ဆိုမည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အကျိုးကျေးဇူးများ ပိုမိုရရှိ**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စုအတွင်းရှိ စုစုပေါင်းမြေဧရိယာ ၇၃၈ ဒသမ ၁၉ ဧကပေါ်တွင် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်တို့အား အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုပါရန် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တင်ပြလာမှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အမှာစာအား သဘောတူခဲ့ကြောင်း၊ မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည့်အခြေအနေ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ချောထုတ်လုပ်ရန် နိုင်ငံတကာလုပ်ငန်းများမှ နည်းပညာနှင့် အရင်းအနှီးများ ဝင်ရောက်လာမည်ဖြစ်၍ နိုင်ငံတော်ဘဏ္ဍာအတွက် နိုင်ငံခြားဝင်ငွေနှင့် အခွန်အခများ တိုးပွားရရှိလာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကာ စသည့်အကျိုးကျေးဇူးများ ပိုမိုရရှိနိုင်မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ရပါကြောင်းနှင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့ပါစေကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့အကြား မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ လေ့လာဆန်းစစ်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာFeasibility Study (F.S) (MoU) အား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ဆဋ္ဌမအကြိမ်မြောက် ဓနုအမျိုးသားနေ့အခမ်းအနား တက်ရောက်

**ပင်းတယ ဒီဇင်ဘာ ၂၀**

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကျရောက်သည့် ဆဋ္ဌမအကြိမ်မြောက် ဓနုအမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဇနီး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တိုင်းရင်းသားများ၏အမျိုးသားနေ့ဟူသည်သက်ဆိုင်ရာတိုင်းရင်းသားများအတွက် ထူးခြားလေးနက်၍ ဂုဏ်ထူးဝိသေသဖြင့် ပြည့်စုံသည့်နေ့ထူးနေ့မြတ် ဖြစ်ကြောင်း၊ တိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပြန်လည်အမှတ်ရစေပြီး ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးနှင့် စည်းလုံးညီညွတ်မှုကို ဖော်ကျူးဂုဏ်ယူကျင်းပသည့်နေ့ ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားမျိုးနွယ်စု ၃၃ စု စုပေါင်းနေထိုင်လျက် ရှိကြပြီး တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများသည် လူမျိုးစုအလိုက် ရှိကြပါကြောင်း၊ ဓနုလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ဆောင်ရွက်သွားရန် ငြိမ်းချမ်းသာယာသည့်အနာဂတ်နိုင်ငံတော်ကြီး ပေါ်ထွန်းနိုင်ရန်အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများဖြင့် ကြိုးပမ်းတည်ဆောက်ကြရန် လိုကြောင်း ပြောကြားသည်။ (အပေါ်ပုံ)





ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်တိုင်းရင်းသားရေးဝန်ကြီးတို့က ဓနုအမျိုးသားနေ့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## တိုက်ကြီးမြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**တိုက်ကြီး ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ခရိုင်အဆင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်က ခရိုင်ပညာရေးမှူးရုံး ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက အမှာစကားပြောကြားပြီးနောက် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြော ပြိုင်ပွဲများကို ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၆ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၂ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လာမည့်နှစ်အတွက် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရန် ကနဦးစီစဉ်ထား

**ရန်ကုန် ဒီဇင်ဘာ ၂၀**

လာမည့်နှစ်အတွက် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်အတွက် ကနဦး စီစဉ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ပြောသည်။

**ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားနိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

"နှစ်သစ်ကူးပွဲကို လေရှီးမြို့မှာ လုပ်ဖို့အတွက် အကြမ်းဖျင်းအစီအစဉ်တော့ ရှိပါတယ်။ နာဂတိုင်းရင်းသားတွေအတွက် နှစ်သစ်ကူးနေ့မှာ နှစ်သစ်ကူးပွဲ ကျင်းပတာက နာဂတိုင်းရင်းသားတွေရဲ့ ဆန္ဒ၊ အဲဒါကို အကောင်အထည်ဖော်ပေးရမှာက ကျွန်တော်တို့ တာဝန်ပါ။ ပုံမှန်လုပ်နေတာတော့ ဇန်နဝါရီ ၁၅ ရက်မှာပဲ လုပ်တာဖြစ်ပါတယ်" ဟု ဦးစိုင်းနိုင်နိုင်ကျော်က ပြောသည်။

**လိုအပ်သည့်အစီအမံများ ဆောင်ရွက်**

ယခုနှစ်တွင်လည်း ကြီးကျယ်ခမ်းနားစွာ ဆောင်ရွက်သွားမည်ဖြစ်ကာ လိုအပ်သည့် လုံခြုံရေးအစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်သစ်ကူးပွဲကို ယခင်က မြို့နယ်တစ်ခုချင်းစီအလိုက် ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ၁၉၉၂ ခုနှစ်မှစပြီး နာဂဒေသရှိ မြို့နယ်များအတွင်း အလှည့်ကျ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရကာ ယခုနှစ်အတွက် လဟယ်မြို့တွင် ပြုလုပ်ခဲ့ပြီး နာဂရိုးရာပွဲတော်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များလည်း စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း သိရသည်။

**ထက်ဦးမောင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ *ကျောဖုံးမှ*

Drop Bomb တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ရာ အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အမျိုးသမီးနှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ အသက် (၂) နှစ်အရွယ် ကလေးငယ်တစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။



ကျောက်တံခါးမြို့နယ် သူဌေးကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်အား ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သရက်ချောင်းမြို့ ညောင်ဇင်ကျေးရွာရှိ နေအိမ်များကို ဝင်ရောက်မွှေနှောက်၍ တန်ဖိုးရှိပစ္စည်းများ အတင်းအဓမ္မရယူခဲ့သော စစ်ကြောင်းအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာအတွင်းရှိ နေအိမ်များကို ဒီဇင်ဘာ




၁၇ ရက်က ဝင်ရောက်မွှေနှောက်၍ တန်ဖိုးရှိပစ္စည်းများ အတင်းအဓမ္မရယူခဲ့သော စစ်ကြောင်းအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည်ဟု ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Than Lwin Times မှ မဟုတ်မမှန် ကောလာဟလ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒီဇင်ဘာ ၁၇ ရက်တွင် တပ်မတော်မှ သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် မိုင်းဆွဲတိုက်ခိုက်ခံရသည်ဆိုသည်မှာလည်း သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မွန်ပြည်နယ် သထုံမြို့နယ် ကျုံမှိန်ကျေးရွာသို့ တပ်မတော်မှလက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦး ထိမှန်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ နယ်မြေခံတပ်မှ ဒီဇင်ဘာ ၁၉ ရက် ညပိုင်းက လက်နက်ကြီးများဖြင့် ပြည်သူများနေထိုင်သော ကျေးရွာများသို့ ပစ်ခတ်ခဲ့မှုကြောင့် ကျုံမှိန်ကျေးရွာသို့ကျရောက်ပြီး အသက် ၂၆ နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦး ထိမှန်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦးနှင့် ဒေသခံများ၏ ပြောကြားချက်များအရ ဒီဇင်ဘာ ၁၉ ရက်တွင် တပ်မတော်မှ မည်သည့်ပစ်ခတ်မှုမှမရှိခဲ့ဘဲ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးပစ်ခတ်မှုများရှိခဲ့ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ပြည်သူများနေထိုင်သော ကျေးရွာများသို့ မည်သည့်အခါမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က တပ်မတော်သားများနှင့် ဒေသခံတိုင်းရင်းသားများအကြား အထင်အမြင်လွဲမှားစေရန်




ရည်ရွယ်၍ လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Kaung Kaung Kaung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥသျှစ်ကုန်းကျေးရွာနေ ကောင်းမြတ်သူအား ညနေ ၅ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ “Mya Thidar” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ် (၁၁)ရပ်ကွက်နေ မြသီတာအား ညနေ ၆ နာရီ မိနစ် ၄၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇ ဒသမ ၂၁၄ သန်း ဆောင်ရွက်နိုင်ခဲ့

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ ပို့ကုန် ကန်ဒေါ်လာ ၁ ဒသမ ၃၅၇ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၅ ဒသမ ၈၅၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇ ဒသမ ၂၁၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ဒီဇင်ဘာ ၁၉ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ထောပတ်သီး တန် ၈၀ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၄၄ သန်း၊ ကြက်သွန်နီ ၁၅ တန် တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၁၃ သန်း၊ Manganese Dioxide တန် ၂၄၀ တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၁၂ သန်း၊ ပလတ်စတစ်ဖြတ်စ ၁၀ တန် တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၄ သန်းနှင့် စက္ကူဖြတ်စ ၃၂ တန် တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၀၄ သန်း စုစုပေါင်း ဒေါ်လာ ၀ ဒသမ ၀၈၆ သန်း တင်ပို့နိုင်ခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် ဒီဇင်ဘာ ၁၉ ရက်တွင် ကျပ် တစ်သိန်းလျှင် ဘတ် ၁၀၁၀ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

## ကန့်ဘလူခရိုင်အတွင်းရှိ စပါး၊ ဆန်ဈေးနှုန်းများ



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (တတိယပတ်)အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး(အသစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ရောမင်းစပါး (အသစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀၀ နှင့် ရွှေဘိုပေါ်ဆန်းဆန် (အသစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် (အဟောင်း) ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် (အသစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ ရောမင်းဆန်(အဟောင်း) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၅၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဒေသခံ ဆန်စက်လုပ်ငန်းရှင်များထံမှ သိရှိရသည်။

**DOCA(စစ်ကိုင်း)**

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများ အဓိကတင်ပို့

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်းတို့ဖြစ်သည်။

ယခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ချိန် ၂၀၁၆ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉၂ သန်းနှင့် သွင်းကုန်တန်ချိန် ၁၄ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၁၉ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၂ ဒသမ ၀၁၁ သန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်းတန်ချိန် ၁၅၀ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၀၀၀၊ စက်ကလပ်ငါး တန်ချိန် ၁၆ ဒသမ ၄၈၀ တန် တန်ဖိုး အမေရိကန် ဒေါ်လာ ၂၀၄၃၅ ဒသမ ၂၀၊ တာတိုငါးတန်ချိန် ၃၈ ဒသမ ၂၅၀ တန် တန်ဖိုးအမေရိကန် ဒေါ်လာ ၄၈၁၉၅ ဒသမ ၀၀၊ ပလာတူးခက်ငါး တန်ချိန် ၂၇၁ ဒသမ ၂၄၀ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၉၇၀၄ ဒသမ ၄၀၊ ဘောင်းကြေးငါး တန်ချိန် ၃၈ ဒသမ ၀၈၀ တန် တန်ဖိုး အမေရိကန် ဒေါ်လာ ၃၄၂၇၂ ဒသမ ၀၀၊ ငါးနီငယ်တန်ချိန် ၇၅ ဒသမ ၃၇၀ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၈၁၃၉၉ ဒသမ ၆၀၊ ငါးခွေးလျှာတန်ချိန် ၁၀ ဒသမ ၂၀၀ တန် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁၄၂၄ ဒသမ ၀၀၊ ငါးဝိုင်းတန်ချိန် ၁၄ ဒသမ ၉၆၀ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၁၆၄ ဒသမ ၈၀၊ ကုလားငူငါးတန်ချိန် ၄ ဒသမ ၃၈၅ တန် တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၆၂ ဒသမ ၀၀ နှင့် ပုစွန် တန်ချိန် ၃ ဒသမ ၁၂၀ တန် တန်ဖိုးအမေရိကန် ဒေါ်လာ ၁၆၂၂၄ ဒသမ ၀၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဝေဖာမုန့် တန် ၂၀၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၄၀၀၀၀ ဒသမ ၀၀၊ ပီလောပီနံမှုန့် တန် ၁၂၀ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၀၀၀ ဒသမ ၀၀၊ ကြွေပြားအရေအတွက် ၃၂၇၆ စတုရန်းမီတာ၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၉၀၀၀ ဒသမ ၀၀ ဖြစ်ကြောင်း သိရသည်။

**(DOT)ကော့သောင်း**

## မိုးညိုမြို့နယ်၌ ပဲငပိစိုက် တောင်သူများ ဈေးကောင်းရနေ

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် မိုးညိုမြို့နယ် ဝဲကြီးကျေးရွာသည် ရေဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိရာ စပါး၊ ပဲငပိ၊ ပဲကြီး၊ ကုလားပဲ၊ မတ်ပဲ၊ မြေပဲ၊ ငရုတ်၊ ခရမ်းချဉ်သီး၊ ပြောင်း၊ နှမ်း၊ ပဲထောပတ်နီ၊ ပဲထောပတ်ဖြူ စသည့်သီးနှံများကို ရာသီအလိုက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ပဲငပိစိုက်တောင်သူ ၂၀ ခန့်ရှိပြီး စိုက်ဧကမှာ ၂၅ ဧကကျော်ရှိကြောင်း၊ စိုက်ပျိုးရာတွင် ယခင်နှစ်က ထွက်ရှိသော ပဲငပိအပင်မှ ပဲအတောင့်စေ့ကို မျိုးအဖြစ် ဖယ်ချန်၍ စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလတွင် မျိုးစေ့ကို ကြဲပက်စနစ်ဖြင့် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းကြောင်း၊ တစ်ဧကလျှင် မျိုး ၂၂ ပြည်နီးပါး ကုန်ကျကြောင်း၊ မိုးကိုအမှီပြု၍ စိုက်ပျိုးရသော သီးနှံဖြစ်သောကြောင့် ရေသွင်းစရာမလိုကြောင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ လုပ်အားခ အပါအဝင် စုစုပေါင်း ကုန်ကျစရိတ် တစ်ဧကလျှင် ကျပ် ၂၅၀၀၀၀ အထိ ကုန်ကျကြောင်း၊ ဒီဇင်ဘာလတွင် ပဲငပိစိုက်ခင်းများ စတင်ရိတ်သိမ်းလျက်ရှိပြီး အလုပ်သမားတစ်ဦးလျှင် လုပ်အားခ အနေဖြင့် ကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ ပေးရကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့် တစ်ဧကလျှင် တင်း ၂၀ မှ ၂၅ တင်းခန့် ထွက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ(တတိယပတ်)တွင် ပဲငပိ တစ်တင်းလျှင် ကျပ် ၆၅၀၀၀ အထိ ဈေးရရှိသောကြောင့် တစ်ဧက အကျိုးအမြတ်အနေဖြင့် ကျပ် ၉၀၀၀၀၀ ခန့်ရရှိပြီး ပဲငပိစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA(မကွေး)**



## ၂၀-၁၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၄၆၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၁၁၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၆၅၀ | ၁၄၅၀၀ | ၅၂၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၅၀ | ၁၃၀၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၂၂၀ | ၁၃၀၀၀ | ၄၈၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၄၅၀၀ | ၂၇၅၀ | ၇၀၀၀ | ၂၀၀၀၀ | ၅၄၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၂၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၂၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀ | ၆၈၀၀ | ၇၃၀၀ | ၂၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၁၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၈၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၆၅၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# လယ်ယာထွက်ကုန်များရောင်းဝယ်ရာတွင် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေးရှုရန်လိုအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်က မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)မှ အသင်းဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်က ဘုရင့်နောင်ကုန်စည်ဒိုင်သည် တစ်နိုင်ငံလုံးမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းအများစုကို လက်ကားရောင်းဝယ်နေကြောင်း၊ အထူးသဖြင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများဖြစ်သော ငရုတ်၊ ကြက်သွန်၊ အာလူးစသည့် ကုန်ပစ္စည်းများအပြင် ပြည်ပသို့တင်ပို့သော ပဲအမျိုးမျိုးကို လက်ကားရောင်းဝယ်ရာနေရာဖြစ်သကဲ့သို့ ကုန်စည်ဒိုင်အသင်းဝင် ကုန်သည်ကြီးများသည်လည်း ပဲအမျိုးမျိုးကို ပြည်ပသို့ တင်ပို့နေသူများဖြစ်ကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သည် ကုန်စည်စီးဆင်းရေးတွင် အဓိကနေရာမှ တာဝန်ယူဆောင်ရွက်နေသည့် အသင်းတစ်ခု ကုန်စည်ဒိုင်တစ်ခု ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အဓိကထား ရောင်းဝယ်ရာတွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုကာ ရောင်းဝယ်ကြပါရန် မေတ္တာရပ်ခံလိုကြောင်း၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်မှသာလျှင် ကုန်ဈေးနှုန်းတည်ငြိမ်ကာ ထိုက်သင့်သော ဈေးနှုန်းရရှိမည်ဖြစ်၍ ကုန်စည်စီးဆင်းမှု မှန်ကန်အောင် လုပ်ဆောင်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူကာ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သည် ပြည်တွင်းရှိ ကုန်စည်ဒိုင်များအနက် သက်တမ်းအရှည်ကြာဆုံးနှင့် ရောင်းဝယ်ဖောက်ကားမှုအများဆုံး ကုန်စည်ဒိုင်တစ်ခုဖြစ်ကာ အသင်းသားဦးရေ ၄၄၀၉ ဦးရှိသည်။ အသင်းသူ အသင်းသားများအနေဖြင့် ပဲမျိုးစုံကို ကြိုရောင်းကြိုဝယ်ပြုလုပ်ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ အာမခံငွေများဖြင့် စာချုပ်ချုပ်ဆို ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**



## မဲခေါင်-လန်ချန်းနိုင်ငံများမှ နို့စားနွားမွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများ အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် သင်တန်းပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများမှ နို့စားနွားမွေးမြူရေးနှင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် သင်တန်းပေးမည်ဖြစ်ကြောင်းနှင့် ယင်းသင်တန်းကို မြန်မာနိုင်ငံမှ စိတ်ဝင်စားသူ များပြားကြောင်း မြန်မာနိုင်ငံနို့လုပ်ငန်းအသင်းဥက္ကဋ္ဌ ဒေါက်တာခင်လှိုင်က ပြောသည်။

နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအတွက် များစွာအကျိုးရှိမည့် လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ထိုင်းနိုင်ငံ Khon Kaen University က အကောင်အထည်ဖော်ဆောင်ရွက်မည့် LMC Strengthening Dairy Innovation(SDI) Programme စီမံကိန်းအတွက် မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို ၂၀၂၄ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်မည်ဖြစ်ပြီး လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသ အတွင်းရှိ တရုတ်၊ ထိုင်း၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများမှ နို့စားနွားမွေးမြူရေးနှင့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများအဆင့်မြှင့်တင်ရေးကို ဆောင်ရွက်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။

"အခုလိုသင်တန်းပေးတာက နွားမွေးမြူရေး လုပ်ကိုင်နေသူတွေ (အထူးသဖြင့် လူငယ်တွေအနေနဲ့) ဒီပညာရပ်ကို သင်ကြားတတ်မြောက်သွားရင် ကိုယ့်ခြံမှာရော၊ တခြားခြံတွေအတွက်ပါ လုပ်ပေးနိုင်တဲ့ အနေအထားတွေ ရှိသွားမယ်။ အလားတူပဲ နွားနို့ညှစ်စက်သုံးတဲ့သူတွေအနေနဲ့လည်း စက်နဲ့သုံးတယ်ဆိုတာက မြန်တာမှန်ပေမယ့် စနစ်တကျမသုံးတတ်ရင် နို့ညှစ်ရာကနေတစ်ဆင့် နွားတစ်ကောင်ကနေတစ်ကောင်ကို ကူးစက်တတ်တဲ့ရောဂါတွေ ရှိတယ်။ ဒါတွေကလည်း စနစ်တကျတတ်မြောက်ထားမှရမှာ။ ဒီမှာက စက်ခလုတ်ဖွင့်ပြီးတော့ပဲ လုပ်နေကြတာ။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံထဲမှာ အဖွဲ့အစည်းတွေကလည်း သင်တန်းပေးထားတာမျိုးမရှိဘူး။ ဒါကြောင့် ဒီသင်တန်းက အလွန်ကို ရှားရှားပါးပါးနဲ့ အကျိုးရှိမယ့်သင်တန်းပါ"ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

စီမံကိန်းအရ သက်ဆိုင်ရာနိုင်ငံများမှ မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ နို့စားနွားမွေးမြူသူများ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သူများအား နည်းပညာသင်တန်းပို့ချခြင်း၊ နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ မဲခေါင်-လန်ချန်းဒေသတွင်းနိုင်ငံများအကြား နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးဆိုင်ရာ ကွန်ရက်ဖွဲ့စည်းထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။

စီမံကိန်းအရ ဖွင့်လှစ်မည့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၂၄ ခုနှစ် မေလတွင် စတင်နိုင်ရန် ပြင်ဆင်ထားရှိကြောင်း သိရပြီး အဆိုပါသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်နိုင်ရေးအတွက် စိတ်ပါဝင်စားသည့် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် သင်တန်းသွားရောက်ရန် နိုင်ငံကူးလက်မှတ် အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများကို ကြိုတင်အသိပေးထားသည်။

"အခု စိတ်ဝင်စားသူတော်တော်များများ ရှိနေပြီး ဆက်သွယ်လာကြတာ ရှိပါတယ်။ အခုက သင်တန်းလျှောက်လွှာခေါ်တာတော့ မဟုတ်သေးဘူး။ သင်တန်းသားခေါ်ယူချိန်မှာ နိုင်ငံကူးလက်မှတ် အခက်အခဲကြောင့် မလျှောက်နိုင်တာမျိုး မဖြစ်ရအောင် ကြိုတင်အသိပေးတာပါ"ဟုလည်း အသင်းဥက္ကဋ္ဌက ပြောကြားသည်။

အဆိုပါစီမံကိန်းသည် မွေးမြူရေးလုပ်ငန်းရှင်များအတွက် နည်းပညာပိုင်းဆိုင်ရာ တိုးတက်ရေးတွင် များစွာအကျိုးရှိကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ "နည်းပညာက အင်မတန်လိုအပ်တာကြောင့် မွေးမြူသူတွေ(အဓိကကတော့ နို့နဲ့နို့ထွက်ပစ္စည်းထုတ်လုပ်သူတွေ) အနေနဲ့ အမှန်တကယ်အကျိုးရှိတဲ့သင်တန်းပါ။ ကိုယ့်နိုင်ငံက တောင်သူတွေ ကိုယ့်ဘာသာပဲ မွေးမြူကြတာများပြီး နည်းပညာအားနည်းကြတယ်လေ။ နည်းပညာသာရရင် သူတို့အတွက် အကျိုးကျေးဇူးတွေ အများကြီးရတာပေါ့"ဟု ၎င်းက ပြောသည်။

စီမံကိန်းအရ ဖွင့်လှစ်မည့်သင်တန်းများအတွက် သင်တန်းသားများ ခေါ်ယူချိန်တွင် အသင်းအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထပ်မံအသိပေး ကြေညာပေးသွားမည်ဟုလည်း သိရသည်။

**MT**

## နိုင်ငံခြားခရီးသွား စိတ်ဝင်စားမှု မြင့်တက်လာစေရေးအတွက် ဖြေလျှော့ပေးမှုများဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံကို နိုင်ငံခြားခရီးသွား စိတ်ဝင်စားမှုမြင့်တက်လာစေရေးအတွက် ဖြေလျှော့ပေးမှုများကို ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

နိုင်ငံခြားခရီးသွားများ မြန်မာနိုင်ငံကို စိတ်ဝင်စားစေရန်အတွက် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်( Familiarization Trip-Fam Trip)များ ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမြင့်က ပြောကြားသည်။ ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးစေရန်နှင့် ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဗီဇာဖြေလျှော့မှုနှင့် ကင်းလွတ်ခွင့်ဆောင်ရွက်ပေးမှုများလည်းရှိကြောင်း ၎င်းက ပြောသည်။

"လက်ရှိမှာဆိုရင်လည်း တရုတ်နဲ့ အိန္ဒိယကို ဆိုက်ရောက်ဗီဇာ(Visa of arrival)တွေပေးတယ်။ သက်ဆိုင်ရာဌာန လဝကတို့၊ နိုင်ငံခြားရေးတို့ကလည်း ဗီဇာတွေပေးနေတယ်။ E-Visa ဆိုတာလည်း ပေးနေတယ်။ ဗီဇာကင်းလွတ်ခွင့်(Visa extension) ရုရှားတွေကို ပေးတာရှိတယ်။ ဆက်ပြီးတော့ ဖြေလျှော့မှုတွေကို သုံးသပ်နေတယ်" ဟု အမြဲတမ်းအတွင်းဝန်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အဖြစ် အောက်တိုဘာလအတွင်းကလည်း ရုရှားခရီးသွားများကို ဖိတ်ခေါ်ခဲ့ကာ နိုဝင်ဘာလအတွင်းက ထိုင်းခရီးသွားများကို ဖိတ်ခေါ်ခဲ့သကဲ့သို့ မြန်မာနိုင်ငံအပေါ် တရုတ်ခရီးသွားများအနေဖြင့် ပိုမိုစိတ်ဝင်စားမှုမြင့်တက်လာစေရန်ရည်ရွယ်၍ တရုတ်နိုင်ငံမှ ခရီးသွားများ စိတ်ဝင်စားစေရန် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်ကို ၂၀၂၄ ဇန်နဝါရီလအတွင်း လုပ်ဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း၊ အဆိုပါ ခရီးစဉ်တွင် တရုတ်နိုင်ငံရှိ မီဒီယာများ၊ ထင်ရှားကျော်ကြားသူများ၊ ဘလော့ဂါများ၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ လူဦးရေ ၄၀ ခန့်ပါဝင်မည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ ပုဂံ အစရှိသည့် ခရီးစဉ်များသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွင်း ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု တစ်သန်းကျော်ရှိခဲ့ပြီး ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ နိုင်ငံခြားသားခရီးသွား အများဆုံးဝင်ရောက်ခဲ့ကြောင်းလည်း သိရသည်။

**MT**

## မြန်မာ့နှမ်းကို ပြည်ပနိုင်ငံများသို့ ၂၀၂၂-၂၀၂၃ အတွင်း တန်ချိန်တစ်သိန်းခန့် တင်ပို့နိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာ့နှမ်းကို တရုတ်အပါအဝင် ထိုင်း၊ ဂျပန်၊စင်ကာပူ၊ ကိုရီးယားအစရှိသည့်နိုင်ငံများသို့ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း တန်ချိန်တစ်သိန်းခန့် တင်ပို့နိုင်ခဲ့ကြောင်းနှင့် တရုတ်နိုင်ငံမှ ဝယ်လိုအားအများဆုံး ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း ကုန်သည်များအသင်းမှ သိရသည်။

ယခုနောက်ပိုင်း ဈေးကွက်အခြေအနေအရ ပြည်တွင်းမှ ထွက်ရှိသည့် ဆီထွက်သီးနှံများကို ပြည်တွင်း၌လည်း သုံးစွဲမှုများ ရှိလာ၍ ပြည်တွင်းအရောင်းအဝယ်လုပ်ငန်းမှာ ပိုမိုတွင်ကျယ်လာသည့်သဘောမျိုးရှိကာ လက်ရှိဈေးကွက်၌ နှမ်းဖြူက နှမ်းနက်ထက် ဈေးကောင်းပိုရရှိနေကြောင်းလည်း သိရသည်။

"စားအုန်းဆီက ကိုယ့်နိုင်ငံလိုအပ်ချက်တွေအရ ဖြည့်ပေးရတာမျိုး ရှိတာပေါ့။ အခုနောက်ပိုင်း ဈေးတွေကလည်း တက်နေတဲ့ အခါကျတော့ ကိုယ့်ပြည်တွင်းကထွက်တဲ့ ဆီထွက်သီးနှံတွေကိုပဲ သုံးလာတဲ့သဘောမျိုး ဖြစ်လာကြတော့ ပြည်တွင်းအရောင်းအဝယ်လုပ်ငန်းတွေ ပိုပြီးတော့ အလုပ်လုပ်လာရတဲ့ အခြေအနေမျိုး ပြောင်းလာတာပေါ့။ အဲဒီလိုဆိုတော့ ပြည်တွင်းပိုင်းက သုံးစွဲမှုပိုပြီးများလာတဲ့ အခြေအနေ ရှိပါတယ်"ဟု အသင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆန်စပါးကို အဓိကထား စိုက်ပျိုးသည့်အပြင် ပဲ၊ ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကာ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်အတွင်း နှမ်းဧကပေါင်း ၃ ဒသမ ၈၆ သန်းစိုက်ပျိုးခဲ့ပြီး အထွက်နှုန်းမှာ တင်းပေါင်း ၃၀ ဒသမ ၅၃ သန်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

**MT**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဒဂုံမြို့သစ်ခရိုင်အသင်းဗိုလ်စွဲ



**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် (၂၅) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (Y.T.C) ဘောလုံးကွင်း၌ကျင်းပရာ မင်္ဂလာဒုံခရိုင်အသင်းနှင့် ဒဂုံမြို့သစ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဒဂုံမြို့သစ်ခရိုင်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။

ပြိုင်ပွဲအပြီး အကောင်းဆုံးရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ စတုတ္ထဆုရရှိသော ဗိုလ်တထောင်ခရိုင်အသင်းအား တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်ကလည်းကောင်း၊ တတိယဆုရ တွံတေးခရိုင်အသင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက လည်းကောင်း၊ ဒုတိယဆု ရရှိသော မင်္ဂလာဒုံခရိုင်အသင်းအား ဗိုလ်မှူးကြီး ဝင်းတင့်က လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပထမဆုရရှိသော ဒဂုံမြို့သစ် ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလား ချီးမြှင့်ပေးသည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၁၉ ရက်အထိ ပတ်လည်စနစ်ဖြင့် ခရိုင် ၁၄ ခရိုင် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**အာကာစိုး**

◆ *ကျောဖုံးမှ*

လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ချယ်ဆီးအသင်းသည် နယူးကာဆယ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် တစ်ဖက်သတ် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ နယူးကာဆယ်အသင်း၏ ကစားဟန်မှာ ချယ်ဆီးအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ရံဖန်ရံခါမှသာ ထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

